**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**၂၀၂၂ – ၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဥပဒေအမှတ် [illegible] /၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် [illegible] ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ [illegible] ရက်)

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီး၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်၍ နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒများ၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်နှင့်အညီ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းအတွက် ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ဒေသန္တရစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်း၊ တိုင်းဒေသကြီးအဆင့် ဝန်ကြီးဌာန/ ကဏ္ဍအလိုက်ဖြစ်စေ၊ စည်ပင်သာယာရေးအဖွဲ့များအလိုက်ဖြစ်စေ သတ်မှတ်ထား

သည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် စစ်ကိုင်းတိုင်းဒေသကြီး၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်သည်။ ဒေသန္တရစီမံကိန်း၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသခွဲများအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီမွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံ ဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၏ စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ဘဏ္ဍာရေးနှစ်** ဆိုသည်မှာ ဧပြီလ(၁)ရက်နေ့ မှ မတ်လ(၃၁)ရက်နေ့အထိ ကာလဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ဒုတိယ(၆)လပတ်အကောင်အထည်ဖော်နိုင်မှုနှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၊ (၆)လ အကောင်အထည်ဖော်နိုင်သည့် အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်း ဖြစ်သည်။

(င) **ပုံမှန်စျေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်စျေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးအဆင့် ဝန်ကြီးဌာနများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့များကို ဆိုသည်။

## အခန်း(၂)

## စီမံကိန်းရည်မှန်းချက်များ

၄။ စစ်ကိုင်းတိုင်းဒေသကြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)ကို ပုံမှန်ဈေးနှုန်းအရ ၄.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ-

(၁) လယ်ယာကဏ္ဍတွင် ၁.၉ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၂) သားငါးကဏ္ဍတွင် ၁.၅ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၀.၄ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၁၉.၃ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၄၂.၆ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၃.၇ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၆.၅ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၃.၈ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၃.၁ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၃.၂ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၂၃.၅ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၀.၆ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၄.၄ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၄.၃ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဂ) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပုံမှန်ဈေးနှုန်းအရ ၁.၈ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဃ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၀.၀ ရာခိုင်နှုန်းမှ ၂၉.၀ ရာခိုင်နှုန်းသို့

လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၉.၈ ရာခိုင်နှုန်းမှ ၄၁.၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၀.၂ ရာခိုင်နှုန်းမှ ၂၉.၆ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(င) စစ်ကိုင်း တိုင်းဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု ကျပ် ၁၄ ၄,၉၁၅.၁၀၄ သန်းအား ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန်၊

(စ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်ဈေးနှုန်းအရကျပ် ၂,၃၃၄,၅၂၈ မှ ကျပ် ၂,၅၈၄,၅၅၂ သို့ ဖြစ်ပေါ်လာရန်။

## အခန်း(၃)

## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ပုဒ်မခွဲ (၁)၊ (၂)၊ (၃)နှင့် (၄) တို့တွင် ဖော်ပြထားသော ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည် ဖော်ကြရန် ဖြစ်သည်။ ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ် ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်၊ ဒေသ နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက် အကောင်အထည် ဖော်ရမည်။ သို့ရာတွင် တင်ပြလာသည့် စီမံကိန်းများသည် အကျိုးစီးပွား ဖြစ်ထွန်းမှုမရှိသော စီမံကိန်းများဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့က စိစစ်တွေ့ရှိပါက အဆိုပါစီမံကိန်းအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်၏ ရေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့နှင့်အညီ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် နိုင်ငံတော်၊ ဒေသနှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထား ဆောင်ရွက်ရမည်။
၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။
၁၀။ ဒေသန္တရစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် နိုင်ငံတော်ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် စီမံကိန်းများ ပါဝင်ရမည်။
၁၁။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အကျိုးကျေးဇူး ဖြစ်ထွန်းစေမည့် ပုဂ္ဂလိကကဏ္ဍနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။
၁၂။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ဖြစ်ရမည့်အပြင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိပြီးသော လုပ်ငန်းစီမံကိန်းများလည်း ဖြစ်ရမည်။ ထို့ပြင် ကာလတို(၅)နှစ် စီမံကိန်းတွင် ထည့်သွင်းရေးဆွဲထားသော စီမံကိန်းများအပေါ်အခြေခံသည့် လုပ်ငန်းစီမံကိန်းများလည်း ဖြစ်ရမည်။ စစ်ကိုင်းတိုင်းဒေသကြီး၏ အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရ ဆောင်ရွက်ရသည့် အငယ်စားစီမံကိန်းများနှင့် စီမံကိန်းဘဏ်အတွင်း ထည့်သွင်း စိစစ် အတည်ပြုထားသည့် ဗျူဟာမြောက်စီမံကိန်းများကို ကာလတို(၅)နှစ်စီမံကိန်းတွင် မပါရှိသော်လည်း နှစ်စဉ်ဒေသန္တရစီမံကိန်းတွင် ထည့်သွင်း ဖော်ပြခွင့် ရှိသည်။
၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် ချမှတ်ထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်း

လုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝ ပူးပေါင်း ဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်ရမည်။

၁၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပူးတွဲ -၁

**စစ်ကိုင်းတိုင်းဒေသကြီး၏**

**၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း**

**ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**

**(၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်ဈေးနှုန်းအရ)**

(တန်ဖိုး - ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၃,၂၅၄,၄၈၃.၅** | **၃၂.၈** | **၀.၅** | **၃,၃၁၃,၁၁၉.၉** | **၃၂.၀** | **၁.၈** |
| | ၁ | လယ်ယာ | ၂,၆၉၄,၃၇၈.၈ | ၂၇.၁ | ၀.၃ | ၂,၇၄၄,၆၃၈.၅ | ၂၆.၅ | ၁.၉ |
| | ၂ | သားငါး | ၅၅၅,၀၄၃.၄ | ၅.၆ | ၃.၆ | ၅၆၃,၄၄၀.၈ | ၅.၄ | ၁.၅ |
| | ၃ | သစ်တော | ၅,၀၆၁.၃ | ၀.၁ | -၆၉.၀ | ၅,၀၄၀.၆ | ၀.၁ | -၀.၄ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၃,၆၄၂,၉၃၅.၁** | **၃၆.၆** | **-၉.၄** | **၃,၈၉၀,၈၆၉.၆** | **၃၇.၅** | **၆.၈** |
| | ၁ | စွမ်းအင် | ၁,၅၈၁.၀ | ၀.၀၂ | -၁၂.၆ | ၁,၂၇၆.၄ | ၀.၀၁ | -၁၉.၃ |
| | ၂ | သတ္တုနှင့်တွင်းထွက် ပစ္စည်း | ၂၆၁,၂၆၈.၇ | ၂.၆ | -၄၉.၇ | ၃၇၂,၆၆၈.၆ | ၃.၆ | ၄၂.၆ |
| | ၃ | စက်မှုလက်မှု | ၂,၉၂၈,၀၆၀.၉ | ၂၉.၅ | -၂.၀ | ၃,၀၃၆,၄၃၇.၇ | ၂၉.၃ | ၃.၇ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၈၉,၇၆၄.၆ | ၀.၉ | -၁၃.၁ | ၁၀၄,၅၅၂.၇ | ၁.၀ | ၁၆.၅ |
| | ၅ | ဆောက်လုပ်မှု | ၃၆၂,၂၅၉.၉ | ၃.၆ | -၁၁.၃ | ၃၇၅,၉၃၄.၂ | ၃.၆ | ၃.၈ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၃,၀၄၇,၃၀၀.၅** | **၃၀.၆** | **-၃.၅** | **၃,၁၅၈,၄၄၁.၄** | **၃၀.၅** | **၃.၆** |
| | ၁ | ပို့ဆောင်ရေး | ၃၆၇,၉၇၈.၃ | ၃.၇ | -၁၅.၇ | ၃၇၉,၂၂၉.၁ | ၃.၇ | ၃.၁ |
| | ၂ | ဆက်သွယ်ရေး | ၁၄၈,၆၂၄.၆ | ၁.၅ | ၁.၂ | ၁၅၃,၄၂၇.၃ | ၁.၅ | ၃.၂ |
| | ၃ | ငွေရေးကြေးရေး | ၁၃,၅၇၆.၁ | ၀.၁ | -၀.၈ | ၁၀,၃၈၉.၃ | ၀.၁ | -၂၃.၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃၀၀,၁၅၁.၁ | ၃.၀ | -၀.၅ | ၃၀၂,၀၃၄.၉ | ၂.၉ | ၀.၆ |
| | ၅ | အခြားဝန်ဆောင်မှု | ၁၉၉,၄၇၄.၉ | ၂.၀ | -၈.၁ | ၂၀၈,၂၀၆.၀ | ၂.၀ | ၄.၄ |
| | ၆ | ကုန်သွယ်မှု | ၂,၀၁၇,၄၉၅.၅ | ၂၀.၃ | -၁.၂ | ၂,၁၀၅,၁၅၄.၈ | ၂၀.၃ | ၄.၃ |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၉,၉၄၄,၇၁၉.၁** | **၁၀၀.၀** | **-၄.၅** | **၁၀,၃၆၂,၄၃၀.၉** | **၁၀၀.၀** | **၄.၂** |

ပူးတွဲ-၂

**စစ်ကိုင်းတိုင်းဒေသကြီး၏**

**၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း**

**ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**

**(၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်ဈေးနှုန်းအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၆,၈၉၇,၄၁၈.၆** | **၆၉.၄** | **-၅.၀** | **၇,၂၀၃,၉၈၉.၅** | **၆၉.၅** | **၄.၄** |
| | ၁ | လယ်ယာ | ၂,၆၉၄,၃၇၈.၈ | ၂၇.၁ | ၀.၃ | ၂,၇၄၄,၆၃၈.၅ | ၂၆.၅ | ၁.၉ |
| | ၂ | သားငါး | ၅၅၅,၀၄၃.၄ | ၅.၆ | ၃.၆ | ၅၆၃,၄၄၀.၈ | ၅.၄ | ၁.၅ |
| | ၃ | သစ်တော | ၅,၀၆၁.၃ | ၀.၁ | -၆၉.၀ | ၅,၀၄၀.၆ | ၀.၁ | -၀.၄ |
| | ၄ | စွမ်းအင် | ၁,၅၈၁.၀ | ၀.၀၂ | -၁၂.၆ | ၁,၂၇၆.၄ | ၀.၀၁ | -၁၉.၃ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၂၆၁,၂၆၈.၇ | ၂.၆ | -၄၉.၇ | ၃၇၂,၆၆၈.၆ | ၃.၆ | ၄၂.၆ |
| | ၆ | စက်မှုလက်မှု | ၂,၉၂၈,၀၆၀.၉ | ၂၉.၅ | -၂.၀ | ၃,၀၃၆,၄၃၇.၇ | ၂၉.၃ | ၃.၇ |
| | ၇ | လျှပ်စစ်ဓါတ်အား | ၈၉,၇၆၄.၆ | ၀.၉ | -၁၃.၁ | ၁၀၄,၅၅၂.၇ | ၁.၀ | ၁၆.၅ |
| | ၈ | ဆောက်လုပ်မှု | ၃၆၂,၂၅၉.၉ | ၃.၆ | -၁၁.၃ | ၃၇၅,၉၃၄.၂ | ၃.၆ | ၃.၈ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁,၀၂၉,၈၀၅.၀** | **၁၀.၃** | **-၇.၇** | **၁,၀၅၃,၂၈၆.၆** | **၁၀.၂** | **၂.၃** |
| | ၁ | ပို့ဆောင်ရေး | ၃၆၇,၉၇၈.၃ | ၃.၇ | -၁၅.၇ | ၃၇၉,၂၂၉.၁ | ၃.၇ | ၃.၁ |
| | ၂ | ဆက်သွယ်ရေး | ၁၄၈,၆၂၄.၆ | ၁.၅ | ၁.၂ | ၁၅၃,၄၂၇.၃ | ၁.၅ | ၃.၂ |
| | ၃ | ငွေရေးကြေးရေး | ၁၃,၅၇၆.၁ | ၀.၁ | -၀.၈ | ၁၀,၃၈၉.၃ | ၀.၁ | -၂၃.၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃၀၀,၁၅၁.၁ | ၃.၀ | -၀.၅ | ၃၀၂,၀၃၄.၉ | ၂.၉ | ၀.၆ |
| | ၅ | အခြားဝန်ဆောင်မှု | ၁၉၉,၄၇၄.၉ | ၂.၀ | -၈.၁ | ၂၀၈,၂၀၆.၀ | ၂.၀ | ၄.၄ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၂,၀၁၇,၄၉၅.၅** | **၂၀.၃** | **-၁.၂** | **၂,၁၀၅,၁၅၄.၈** | **၂၀.၃** | **၄.၃** |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၉,၉၄၄,၇၁၉.၁** | **၁၀၀.၀** | **-၄.၅** | **၁၀,၃၆၂,၄၃၀.၉** | **၁၀၀.၀** | **၄.၂** |

ပူးတွဲ-၃

**စစ်ကိုင်းတိုင်းဒေသကြီး၏**

**၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း**

**ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**

**(နှစ်အလိုက်ဈေးနှုန်းများအရ)**

(တန်ဖိုး - ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး၊ ကဏ္ဍ | (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၃,၉၄၇,၇၉၃.၂** | **၃၀.၀** | **၄,၂၅၄,၂၂၁.၉** | **၂၉.၀** | **၇.၈** |
| | ၁ | လယ်ယာ | ၃,၂၂၅,၂၇၅.၂ | ၂၄.၅ | ၃,၄၈၀,၂၅၃.၀ | ၂၃.၇ | ၇.၉ |
| | ၂ | သားငါး | ၇၁၅,၇၈၄.၃ | ၅.၄ | ၇၆၇,၂၅၀.၀ | ၅.၂ | ၇.၂ |
| | ၃ | သစ်တော | ၆,၇၃၃.၇ | ၀.၁ | ၆,၇၁၈.၉ | ၀.၁ | -၀.၂ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၅,၂၄၆,၅၉၇.၀** | **၃၉.၈** | **၆,၀၈၄,၅၅၇.၀** | **၄၁.၄** | **၁၆.၀** |
| | ၁ | စွမ်းအင် | ၂,၂၀၇.၅ | ၀.၀၂ | ၁,၈၀၁.၈ | ၀.၀၁ | -၁၈.၄ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၃၉,၃၈၇.၁ | ၂.၆ | ၇၄၆,၅၄၈.၁ | ၅.၁ | ၁၂၀.၀ |
| | ၃ | စက်မှုလက်မှု | ၄,၂၈၃,၈၅၂.၃ | ၃၂.၅ | ၄,၆၄၆,၅၇၈.၆ | ၃၁.၆ | ၈.၅ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁၃၀,၈၂၉.၄ | ၁.၀ | ၁၅၁,၅၈၉.၄ | ၁.၀ | ၁၅.၉ |
| | ၅ | ဆောက်လုပ်မှု | ၄၉၀,၃၂၀.၇ | ၃.၇ | ၅၃၈,၀၃၉.၁ | ၃.၇ | ၉.၇ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၃,၉၈၈,၆၈၆.၇** | **၃၀.၂** | **၄,၃၅၁,၈၁၆.၂** | **၂၉.၆** | **၉.၁** |
| | ၁ | ပို့ဆောင်ရေး | ၄၂၈,၄၆၈.၃ | ၃.၂ | ၄၆၄,၅၆၆.၇ | ၃.၁ | ၈.၄ |
| | ၂ | ဆက်သွယ်ရေး | ၁၄၁,၂၁၈.၂ | ၁.၁ | ၁၄၅,၅၄၃.၂ | ၁.၀ | ၃.၁ |
| | ၃ | ငွေရေးကြေးရေး | ၁၃,၂၀၈.၄ | ၀.၁ | ၁၀,၁၀၈.၈ | ၀.၁ | -၂၃.၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃၃၃,၇၄၀.၆ | ၂.၅ | ၃၃၅,၇၂၂.၅ | ၂.၃ | ၀.၆ |
| | ၅ | အခြားဝန်ဆောင်မှု | ၂၆၈,၄၉၇.၉ | ၂.၀ | ၂၉၀,၀၀၅.၂ | ၂.၀ | ၈.၀ |
| | ၆ | ကုန်သွယ်မှု | ၂,၈၀၃,၅၅၃.၃ | **၂၁.၃** | ၃,၁၀၅,၈၆၉.၈ | **၂၁.၁** | **၁၀.၈** |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၁၃,၁၈၃,၀၇၆.၉** | **၁၀၀.၀** | **၁၄,၆၉၀,၅၉၅.၁** | **၁၀၀.၀** | **၁၁.၄** |

ပူးတွဲ-၄

**စစ်ကိုင်းတိုင်းဒေသကြီး၏**

**၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း**

**ဂ ဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**

**(နှစ်အလိုက်ဈေးနှုန်းများအရ)**

(တန်ဖိုး - ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၉,၁၉၄,၃၉၀.၂** | **၆၉.၈** | **၁၀,၃၃၈,၇၇၈.၉** | **၇၀.၄** | **၁၂.၄** |
| | ၁ | လယ်ယာ | ၃,၂၂၅,၂၇၅.၂ | ၂၄.၅ | ၃,၄၈၀,၂၅၃.၀ | ၂၃.၇ | ၇.၉ |
| | ၂ | သားငါး | ၇၁၅,၇၈၄.၃ | ၅.၄ | ၇၆၇,၂၅၀.၀ | ၅.၂ | ၇.၂ |
| | ၃ | သစ်တော | ၆,၇၃၃.၇ | ၀.၁ | ၆,၇၁၈.၉ | ၀.၁ | -၀.၂ |
| | ၄ | စွမ်းအင် | ၂,၂၀၇.၅ | ၀.၀၂ | ၁,၈၀၁.၈ | ၀.၀၁ | -၁၈.၄ |
| | ၅ | သတ္တုနှင့်တွင်းထွ က်ပစ္စည်း | ၃၃၉,၃၈၇.၁ | ၂.၆ | ၇၄၆,၅၄၈.၁ | ၅.၁ | ၁၂၀.၀ |
| | ၆ | စက်မှုလက်မှု | ၄,၂၈၃,၈၅၂.၃ | ၃၂.၅ | ၄,၆၄၆,၅၇၈.၆ | ၃၁.၆ | ၈.၅ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၃၀,၈၂၉.၄ | ၁.၀ | ၁၅၁,၅၈၉.၄ | ၁.၀ | ၁၅.၉ |
| | ၈ | ဆောက်လုပ်မှု | ၄၉၀,၃၂၀.၇ | ၃.၇ | ၅၃၈,၀၃၉.၁ | ၃.၇ | ၉.၇ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁,၁၈၅,၁၃၃.၄** | **၈.၉** | **၁,၂၄၅,၉၄၆.၄** | **၈.၅** | **၅.၁** |
| | ၁ | ပို့ဆောင်ရေး | ၄၂၈,၄၆၈.၃ | ၃.၂ | ၄၆၄,၅၆၆.၇ | ၃.၁ | ၈.၄ |
| | ၂ | ဆက်သွယ်ရေး | ၁၄၁,၂၁၈.၂ | ၁.၁ | ၁၄၅,၅၄၃.၂ | ၁.၀ | ၃.၁ |
| | ၃ | ငွေရေးကြေးရေး | ၁၃,၂၀၈.၄ | ၀.၁ | ၁၀,၁၀၈.၈ | ၀.၁ | -၂၃.၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃၃၃,၇၄၀.၆ | ၂.၅ | ၃၃၅,၇၂၂.၅ | ၂.၃ | ၀.၆ |
| | ၅ | အခြားဝန်ဆောင်မှု | ၂၆၈,၄၉၇.၉ | ၂.၀ | ၂၉၀,၀၀၅.၂ | ၂.၀ | ၈.၀ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၂,၈၀၃,၅၅၃.၃** | **၂၁.၃** | **၃,၁၀၅,၈၆၉.၈** | **၂၁.၁** | **၁၀.၈** |
| **၄** | | **စုစုပေါင်းထုတ်လု ပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၁၃,၁၈၃,၀၇၆.၉** | **၁၀၀.၀** | **၁၄,၆၉၀,၅၉၅.၁** | **၁၀၀.၀** | **၁၁.၄** |